# လက်ပံတောက ပျော် မောဖွယ်များ



မစားရတာကြာပြီဖြစ်တဲ့ လက်ပံခေါင်းချဉ်ရည်ဟင်းကို စားလိုက်ရတော့ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရတဲ့ မိတ်ဆွေဟောင်းတစ်ဦးနဲ့ အမှတ်မထင် ပြန်လည်ဆုံတွေ့လိုက်ရသလို ခံစားမိတယ်၊ နောက်ပြီးလည်း လက်ပံနဲ့ပတ်သက်ပြီး ကြားခဲ့ဖူးတဲ့စကားများ၊ လက်ပံနဲ့ဆက်နွယ်နေတဲ့ ငယ်စဉ်ကအဖြစ်အပျက်များကိုလည်း ကွဲကွဲကူးရေပါဆိုသလို တဆက်တည်းသတိရမိတယ်၊ တစ်ဆင့်တက်လို့ တွေးမိတွေးရာအတွေးများကလည်း ဆက်တိုက်ဆိုသလို ပေါ်လာခဲ့ပြန်ပါတယ်။

ငယ်ငယ်ကအဖွားနှင့်အတူ စာရေးသူတို့ရွာရဲ့အနောက်ဖက်အရပ်ဆီမှာနေထိုင်ကြတဲ့ ဆွေမျိုးတွေဆီကို မကြာခဏဆိုသလို အလည်ခရီးသွားခဲ့ရဖူးတယ်။ အနောက်ဆီသို့လို့ ဆိုရမှာပေါ့၊ အထူးသဖြင့် လယ်ယာလုပ်ငန်းများပြီးလို့ အားလပ်ချိန်လည်းဖြစ်တာရယ်၊ ရာသီဥတုကလည်းသာသာယာယာဖြစ်တာရယ်ကြောင့် နွေဦးဝင်စ တပိုတွဲတပေါင်း လများမှာ ခရီးပိုမိုသွားဖြစ်ပါတယ်။

လက်ပံက သဲစပ်စပ်မြေကိုကြိုက်ဟန်ရှိပါတယ်၊ တနယ်မြေဒေသများဖြစ်တဲ့ စာရေးသူတို့မွေးရပ်ရွာနဲ့မွေးရပ်ရွာရဲ့ အရှေ့ဖက်အရပ်ဆီမှာ လက်ပံပင်ကြီးများ တွေ့ရလေ့မရှိပဲ အနောက်ဖက်ဒေသများက သဲစပ်စပ်မြေများမှာ လက်ပံပင်ကြီးများကို အမြောက်အများ တွေ့ရပါတယ်။ ဒီတော့ အနောက်ဖက်ကို အလည်ခရီးထွက်တိုင်း လက်ပံပွင့်ကြွေကောက်ရတော့မှာပဲဆိုတဲ့အသိနဲ့ ကြိုပျော်နေခဲ့ဖူးတာကိုလည်း သတိရမိပါတယ်။ ကိုယ်နှစ်သက်တဲ့အရာကို လွတ်လပ်ပျော်ရွှင်စွာ လုပ်ခွင့်ရတော့မှာမို့ ကြိုတင်ကျေနပ်ရတဲ့ပီတိဆိုတာ သေးသေးငယ်ငယ်လေးပင်ဖြစ်စေဦးတော့ ကြည်နူးချမ်းမြေ့စရာပါလားဆိုတဲ့အသိကိုလည်း ပြန်လည်ဆင်ခြင်မိပါတယ်။ နောက်ပြီးကြည်နူးစရာတွေ့ရမှာမို့ ကြိုတင်ဝမ်းမြောက်ရတာနဲ့ ဆန့်ကျင်စွာ မလိုလားတာတဲ့အရာတွေနဲ့တွေ့ရမှာမို့ တင်ကြိုပူပန်နေရမည့် ဆင်းရဲကလည်း ပင်ပမ်းလှချေစွလို့လည်း နောက်ဆက်တွဲအတွေး တွေးနေမိခဲ့ပါတယ်။

တပိုတွဲနဲ့ တပေါင်းလများဆိုတာက စာရေးသူနေထိုင်ကြီးပြင်းရတဲ့ အညာဒေသရဲ့ ရာသီဥတုအနေနဲ့ အကောင်းဆုံးအချိန်ဖြစ်သလို ပတ်ဝန်းကျင်သဘာဝအလှများနဲ့လည်း အပြည့်ဝဆုံးအချိန်ဖြစ်တယ်လို့ဆိုရမှာပါ၊ အထူးသဖြင့်တော့ နွေဦးလေပွေ ဝေ့တာကြောင့် ညောင်းခက်ညှာရွှေမှာ တေ့တေ့လေး မခိုင့်တခိုင်ဖြစ်နေလေတဲ့ ရွက်ဝါလေးတွေမြေမှာ ကြွေကျရှာရတဲ့ လွမ်းစရာ့ ရာသီတစ်ခုလည်းပဲဖြစ်တယ်ပေါ့၊ မိခင်ပျောက်လို့ စိတ်နောက်ဗျာပါ မဖြေသာပဲ ဟိုမှသည်ဝယ် အားငယ်ငယ်နဲ့ အမေရော အမေရော ရယ်လို့ ငိုကြွေးတမ်းမြည် လွမ်းတေးကို သီနေရှာလေတဲ့ သနားစရာ့ ဥက်ဥသြလေးတွေရဲ့ အသံသာသာကိုလည်း ကြားရတတ်တဲ့ အချိန်လည်းပဲဖြစ်ပါတယ်၊ ရာသီတခွင်မြူမင်းလွင်တို့ ဝေ့သီရစ်ဆိုင်း မှုန်ပြာမှိုင်းနေတတ်တာကြောင့် စိတ်လက်မခိုင် နွဲ့ခွေယိုင်လို့ ပူဆိုင်သောက ဘာဘယ်ရယ်လို့ တိတိကျကျ ဝေခွဲမရပဲ တစ်ခုခုကို လွမ်းတရတဲ့ ရာသီအလှလည်းဖြစ်တယ်ပေါ့။

ရှုးသွတ်ချင်စရာကောင်းလောက်အောင်လှတဲ့ အချိန်အခါမို့လားတော့ မသိပါဘူး၊ လက်ပံဖူးချိန် ခွေးရူးချိန်၊ လက်ပံလည်းပွင့် ခွေးလည်းလွင့်ရယ်လို့ ဘာမသိ ညာမသိ မကြာခဏဆိုသလို ငယ်စဉ်ကအော်ဆိုခဲ့ရတဲ့ ကဗျာလိုလို နီတိလိုလို အဆိုတစ်ခုကလည်း လက်ပံပွင့်ချိန်ရောက်လေတိုင်း အညာကျေးလက်က ကလေးငယ်တွေနှုတ်ဖျားမှာ ပေါ်ပေါ်လို့လာတတ်ပါတယ်။

ခုလိုလွှမ်းဖွယ့်ဝန်းကျင် လှချင်တိုင်းလှနေလေတဲ့ နယ်တစ်ခွင်မှာ ကြည့်လေရာရာ ပွင့်ဖတ်လွှာ နီတာတာတွေနဲ့ ဟိုမှ သည်မှ တစစီပုံ့ကြဲစွာ လှနေတတ်တဲ့ လက်ပံပွင့်ကြွေ ကောက်ရခြင်းကဖြင့် စာရေးသူအတွက်တော့ ပျော်မှပျော်စရာ တစ်ခုဖြစ်ခဲ့ရပါတယ်။

စာရေးသူရဲ့အဖွားကတော့ အပင်ပေါ်ကကြွေကြတာ သုံးလေးရက်ရှိလို့ ပွင့်ဖတ်လေးတွေ ညှိုးခြောက်နေတဲ့ လက်ပံ ခေါင်းလေးတွေကို ရွေးချယ်လို့ကောက်တတ်ပါတယ်၊ စာရေးသူကတော့ ကလေးသဘာဝ အရောင်အသွေး တောက် တောက်ပပတွေကို သဘောကျနှစ်သက်မိတတ်တာကြောင့် လက်ပံပင်အောက်ရောက်လေတိုင်း အပင်ပေါ်က လော လောလတ်လတ် ကြွေကြလာတတ်တဲ့ နီတာတာ လက်ပံပွင့်တွေရှိရာကို ပြေးလွှားကစား ကောက်ခဲ့မိတဲ့ အဖြစ်ကို လည်း သတိရမိပါတယ်၊ တကယ်တော့လည်း လက်ပံပွင့်ကိုစားရတာက နီတာတာပွင့်ဖတ်တွေ မဟုတ်သလို ကြွေ ကျစ အပွင့်တွေကိုလည်း မဟုတ်ပါဘူး၊ ပွင့်ဖတ်တွေချွေပစ်ပြီး ကြွင်းကျန်ရစ်တဲ့ ဦးထုပ်သဏ္ဍာန် လက်ပံခေါင်းနဲ့ အတွင်းက ပွင့်ဆံရဲ့ ညှာတံအခြောက်ကိုသာ စားရတာပါ။ သို့ပေမယ့် ဘယ်အရာက အဓိက၊ ဘယ်ဟာကဖြင့် သာမညရယ်လို့ မခွဲခြားတတ်သေးတဲ့ ကလေးငယ်ဘဝမှာ ပျော်စရာနှစ်သက်စရာကိုသာ ဦးစားပေးလို့ ရွေးချယ်ခဲ့ တယ်ပေ့ါ။

နောက်ပြီး နောင်တော်တစ်ဦးလိုခင်မင်ရတဲ့ဆရာတော်တစ်ပါးပြောပြတဲ့ သူ့ကိုယ်တွေ့အဖြစ်တစ်ခုကိုလည်း သတိရ မိပါသေးတယ်၊ လက်ပံနဲ့ဆက်စပ်တဲ့ အဖြစ်လေးတစ်ခုပေ့ါ၊ မြန်မာသံစဉ်တေးသီချင်းများကို နှစ်သက်တဲ့စာဖတ်သူ တော်တော်များများ သန်းထွန်းလေးရဲ့မွေး၄ာနီသီချင်းကို ကြားဖူးကြမယ်ထင်ပါတယ်၊ သန်းထွန်းလေးကိုယ်တိုင် သီဆို ထားတာကိုပဲဖြစ်ဖြစ်၊ သူ့သမီး ပိုးအိစံဆိုထားတာကိုပဲဖြစ်ဖြစ်ပေ့ါ၊ ဒီသီချင်းထဲမှာ တေးသီချင်းစာသားတစ်ခု ပါပါ တယ်၊ အဲဒါက "လက်ပံပွင့်တွေ လေတိုက်ကြွေလိုက်တဲ့အခါ တဝဲဝဲဝေ့ကာ လေယာဉ်ပမာ" ဆိုတဲ့စာသားပါ။

သန်းထွန်းလေးရဲ့ အဲဒီသီချင်းကိုကြားရပြီး ရန်ကုန်မှာနေထိုင်တဲ့ သူ့ဆွမ်းခံအိမ်က ဒါယကာမကြီးတစ်ဦးက လက်ပံ ပွင့်ဆိုတာ ဘယ်လိုဟာမျိုးလဲလို့ သိချင်လှသလို လေယာဉ်ပျံလို တဝဲဝဲဝေ့ကာကြွေကျလေတဲ့ လက်ပံပွင့်လေးတွေ ကိုလည်း အလွန်ကြည့်မြင်လိုလှပါတယ်လို့ ဆိုပါတယ်၊ ဒါကြောင့် နောင် သူ့အညာကိုအလည်ပြန်ကြွလျင် သူ့ကို လည်း အလည်ခေါ်ဖို့ပြောပါတယ်တဲ့၊ ဆရာတော်လေးကတော့ပြောပြပါတယ်၊ သီချင်းထဲကအတိုင်း လေယာဉ်ပမာ ဆိုတာက တစ်ပွင့်တလေမျှလောက်သာ ဖြစ်နိုင်ကြောင်း၊ အများအားဖြင့်တော့ ရိုးရိုးပန်းပွင့်များကြွေသလိုသာဖြစ် ကြောင်းပြောပြပါတယ်၊ သို့ပေမယ့် သီချင်းရဲ့ရသက ဆွမ်းအမကြီးကို လွှမ်းမိုးဖမ်းစားထားလေတော့ ဘယ်လိုပင် ပြောပြော သူလက်မခံပါဘူး၊ လက်ပံပွင့်ကြွေကို တွေ့လိုစိတ်သာဖြစ်နေပါတယ်၊ ဒါကြောင့် မကြာခဏဆိုသလိုပဲ အညာကိုပြန်လျင်ဖြင့် လိုက်ပါခွင့်ရဖို့အကြောင်းကိုသာ တွင်တွင်ပြောတတ်ပါတယ်တဲ့။

ခက်တာကလည်း လက်ပံဆိုတာက ပြာသိုလကုန် တပိုတွဲလဆန်းပိုင်းလောက်မှာ အများအားဖြင့် ပွင့်တတ် ကြွေ တတ်တာမျိုးပါ၊ ဒီအချိန်ဆိုတာကလည်း ရဟန်းသာမဏေများမှာ စာမေးပွဲများနီးကပ်ချိန်မို့ ဘယ်မှာလာလို့ ခရီး ရှည်ထွက်ဖို့စဉ်းစားနိုင်မှာလဲ၊ ဒါကြောင့် လေယာဉ်ပျံပမာ ဝေ့ဝေ့ဝဲကာ ကြွေတတ်လေတဲ့ လက်ပံပွင့်ကြွေတွေကို တွေ့ လိုမြင်လိုလှတဲ့ ရန်ကုန်သူ ဆွမ်းအမကြီးလည်း ဘယ်မှာလာလို့ တော်တော်နှင့်ဆန္ဒပြည့်ဝနိုင်မှာလဲ၊ သို့ပေမယ့် ဆွမ်းခံဦးဇင်းစာမေးပွဲပြီးလို့အညာကအပြန်မှာ တကူးတကသယ်ဆောင်လာတဲ့ လက်ပံခေါင်းကိုတော့ကြိုတင်မြင်ဖူး ရသလို လက်ပံခေါင်းဟင်းကိုလည်း စားဖူးနေခဲ့ပါတယ်၊ ဒီလို လက်ပံခေါင်းဟင်းကိုစားရကာမှ လက်ပံပွင့်ကြွေ လေမှာ ဝဲတာကို ပိုပိုလို့ပင် မြင်လိုဆန္ဒသူ့မှာဖြစ်မိရပါတယ်တဲ့။

ဒီလိုနဲ့စောင့်ခဲ့ရတာ သုံးလေးနှစ်ကြာသွားတယ်လို့ဆိုပါတယ်၊ အဲဒီလိုသုံးလေးနှစ်ကြာပြီးတဲ့နောက်မှာမှ ဆွမ်းခံကိုယ် တော်လည်း စာချတန်းစာမေးပွဲအောင်မြင်၊ စာဖြေဖို့တာဝန်လည်းပြီးဆုံးလေကာမှ ဆွမ်းဒကာမကြီးကို လက်ပံပွင့် ကြွေကိုပြဖို့ အညာကိုဖိတ်ခေါ်နိုင်ခဲ့ပါတယ်၊ အနှစ်နှစ်အလလ စောင့်ခဲ့ရတဲ့ လေယာဉ်ပမာ ဝေ့ဝေ့ဝဲကာ ကြွေကျလေ မယ့် လက်ပံပွင့်တွေကို မြင်တွေ့ရတော့မှာမို့ ဒကာမကြီးမှာ ဝမ်းသာအားရ အညာခရီးကို နှင်ခဲ့တယ်ပေ့ါ၊ ဒီလိုနဲ့ အညာမြေကိုရောက်၊ လက်ပံပင်အောက်ကိုလည်း ခရီးရောက်မဆိုက်ပဲ သွားခဲ့တယ်ပေ့ါ၊ သို့ပေမယ့် လက်ပံပင် အောက်အရောက်မှာတော့ အနှစ်နှစ်အလလက သူ့စိတ်ကူးထဲမှာ ထင်ယောင်မြင်မှတ်ထားတဲ့ လက်ပံပွင့်ကြွေ လေမှာအဝဲဟာလည်း အစိတ်စိတ်အမွှာမွှာ ကြေကွဲပျက်ခဲ့ရတယ်ပေ့ါ၊ တဖုတ်ဖုတ်နဲ့ကြွေကြလေတဲ့ လက်ပံပင်

အောက်မှာ ငုတ်တုတ်ထိုင်ရင်း သူ့ရဲ့စိတ်ကူးရင်အိပ်မက်ထဲက လက်ပံပွင့်ကြွေပျောက်ဆုံးခဲ့ရမှုအတွက် ယူကြုံးမရ ချုံးပွဲချကာငိုကြွေးခဲ့ပါတယ်တဲ့။

တကယ်ဆိုတော့ တချို့အရာတွေဟာ ရုပ်ရှင်ထဲ၊ဝတ္ထုဇာတ်လမ်းထဲ၊ တေးသီချင်းတွေထဲမှာ ကြည့်ရှုစရာ၊ ဖတ်ချင်စရာ၊ နားထောင်စရာကောင်းလို့ ကြည်နူးစရာ လွမ်းမောစရာဖြစ်ပေမယ့် တကယ့်လက်တွေ့ဘဝထဲမှာတော့ စိတ်ကူးရင်တည်ဆောက်ထားတဲ့ရွှေရောင်အိပ်မက်များနဲ့ ဆန့်ကျင်ဖက်တခြားစီဖြစ်လို့နေတတ်ပါတယ်။

နောက်ပြီးလက်ပံနဲ့ပတ်သက်တဲ့ ဟာသလေးတစ်ခုကိုလည်း သတိရမိပါသေးတယ်၊ လက်ပံပင်ဆိုတာက အနှစ်မရှိတဲ့ အခေါင်းပွ အပင်မျိုးပါ၊ ဒါကြောင့် လက်ပံသားက ထင်းအဖြစ်သုံးလို့ မကောင်းပါဘူး၊ တောသူတောင်သားများကလည်း လက်ပံသားကို ဘယ်သူမှ ထင်းအဖြစ် အသုံးပြုလေ့ မရှိပါဘူး၊ ဒါကြောင့်လည်း ရှေးပညာရှိများက အသက်ကြီးပြီး အသိဉာဏ်ခေါင်းပါးတဲ့သူမျိုးကို အနှစ်မပါ အခွံအကာမျှသာရှိတဲ့ လက်ပံသားလိုသူမျိုးရယ်လို့ လက်ပံနဲ့ ခိုင်းနှိုင်းလေ့ရှိပါ တယ်၊ ဒါကိုပဲ"လက်ပံနှင့်ညောင် မိုးခေါင်လုနီး အပင်ကြီးလည်း၊ အကာပြဲ့ပြဲ့၊ အနှစ်မဲ့၏" လို့လည်း ဆိုခဲ့ကြပါတယ်။

မဆီမဆိုင် လက်ပံသားကို ခါးနဲ့ချိုင်ဆိုတဲ့ စကားတစ်ခွန်းလည်းရှိပါတယ်၊ ဆိုလိုတဲ့စကားရဲ့အဓိပ္ပါယ်ကိုနားလည်ပေမယ့် ဒီစကားရဲ့ရင်းမြစ် ဘယ်ကစခဲ့တယ်ဆိုတာကိုတော့ မသိတာအမှန်ပါပဲ၊ ဘာကြောင့် ဒီစကားကို ဒီနေရာမှာ သုံးခဲ့တယ်ဆိုတာကိုလည်း နားမလည်နိုင်တာ အမှန်ပါ၊ ဒီလိုပဲ ရေရေရာရာ မသိပဲနဲ့သုံးနေကြတဲ့ အသုံးအနှုန်းတွေ၊ ကိုယ်ကိုယ်တိုင် ဂဃနဏ မသိပဲ အဓိပ္ပါယ်ဖွင့်ဆိုနေကြတဲ့အရာတွေ၊ နားမလည်ပဲလုပ်နေကြတဲ့ အလုပ်တွေလည်း များမှများပဲဆိုတာကိုလည်း အမှတ်ပြုမိပါတယ်။

တခါမှာတော့ တောသားလူလည်တစ်ယောက်က ကြံရာမရရှိတာကြောင့် လက်ပံသားတွေကို လှည်းတစ်စီးအပြည့် တိုက်ပြီး မြို့ကခေါက်ဆွဲဆိုင်ပိုင်ရှင် ပေါက်ဖော်တရုတ်ကြီးဆီကို လိန်ညာရောင်းဖို့ ရောက်ခဲ့ပါတယ်၊ သူက ပေါက်ဖော်ကြီးကို ဒီအသားဟာ ထင်းဆိုက်လို့အလွန်ကောင်းကြောင်း၊ မီးကျီးအားလည်းကောင်းသလို မီးအရှိန်လည်းပြင်းကြောင်းပြောခဲ့ပါတယ်၊ ပေါက်ဖော်ကြီးကလည်း အဟုတ်ထင်ပြီး ဝယ်ထားလိုက်တာပေါ့၊ သို့ပေမယ့် လက်ပံဆိုတာ အနှစ်မဲ့အပင်မျိုးမို့ ဘယ်မှာလာလို့ သူပြောသလို မီးကျီးအားလည်း ကောင်းပါ့မလဲ၊ မီးအရှိန်လည်းပြင်းပါ့မလဲ၊ ဒါကြောင့်တရုတ်ကြီးကမှတ်ထားလိုက်ပါတယ်၊ နောင်မှာလက်ပံသားဆိုလျှင် ဘယ်တော့မှ မဝယ်တော့ဘူးရယ်လို့၊ နောက်တစ်ချီ တောသားလူလည် ပေါက်ဖော်ကြီးဆီကို ထင်းရောင်းဖို့ရောက်လာပြန်ပါတယ်၊ ဒီအခါမှာ ပေါက်ဖော်ကြီးက အရင်တစ်ခါ နင်ရောင်းသွားတဲ့ လက်ပံသားက ထင်းဆိုက်လို့ မကောင်းဘူး၊ ဒါကြောင့်လက်ပံသားဆိုရင်တော့ သူမဝယ်ချင်ဘူးလို့ပြောပါတယ်၊ ဒီအခါမှာတော့ တောသားလူလည်က ပေါက်ဖော်ကြီးကို အရင်ကသူရောင်းခဲ့တာက လက်ပံသားတွေဖြစ်လို့မို့ ထင်းဆိုက်မကောင်းတာဖြစ်မယ်၊ ခုတစ်ခါကတော့ ကောင်းမှာပါ၊ ဒါက လက်ပံသား မဟုတ်ပါဘူး၊ လံပက်တွေပါလို့ဆိုပြီး ရောင်းခဲ့ပြန်ပါတယ်၊ ပေါက်ဖော်ကလည်း တကယ်ထင်ပြီး ဝယ်ထားလိုက်ပြန်ပါတယ်၊ လက်ပံဆိုတော့ လက်ပံရဲ့ဇာတိကိုပြပေမပေါ့၊ ဘယ်မှာလာလို့ ထင်းဆိုက်လို့ကောင်းပါ့မလဲ။

တောသားလည်းနောက်တစ်ခေါက်ထင်းရောင်းဖို့ ရောက်လာပါပြန်ပါတယ်၊ ဒီတစ်ခေါက်အလာမှာတော့ ပေါက်ဖော်ကြီးက ဆီးပြောပါတယ်၊ နင်ပြောတဲ့ လက်ပံဆိုတာလည်း မကောင်းဘူး၊ လံပက်ဆိုတာလည်း မကောင်းဘူးရယ်လို့။ သို့ပေမယ့် တောသားလူလည်က ဒီတစ်ခါသူတိုက်ခဲ့တဲ့ထင်းက လက်ပံလည်း မဟုတ်၊ လံပက်လည်း မဟုတ်ပါဘူး၊ ဇရက်(ဆက်ရက်)အော် ဆက်ရက်အော်တွေပါ၊ ဒါကြောင့်စမ်းသုံးကြည့်ပါ၊ ပေါက်ဖော်ကြီး သဘောကျပါလိမ့်မယ် ဆိုပြီး ရောင်းခဲ့ပြန်ပါတယ်၊ (ဘာကြောင့်ဇရက်အော်လို့ပြောရတာလည်းဆိုရင်ဖြင့် ဇရက်တွေက လက်ပံပွင့်ကို အတော်သဘောကျဟန် ရှိပါတယ်၊ လက်ပံတွေပွင့်ပြီဆိုမှဖြင့် လက်ပံပင်တွေပေါ်မှာ ဇရက်တွေနဲ့ပြည့်လို့ နေပါတော့တယ်၊ ဇရက်ဆိုတဲ့ အကောင်မျိုးကလည်း တကောင်တည်းဆို အလွန်မဆူညံလှပေမယ့် သူတို့အုပ်နဲ့သင်းနဲ့ ဖြစ်ပြီဆိုမှဖြင့် ပွက်လောရိုက်အောင် ကျယ်ကျယ်လောင်လောင်စကားတွတ်ထိုးတတ်ကြပါတယ်၊ ဒါကြောင့် ဆူဆူညံညံစကားပြောတတ်တဲ့ လူအုပ်စုမျိုးကိုလည်း လက်ပံပင်ဇရက်ကျနေသလိုပဲရယ်လို့ ခိုင်းနှိုင်းပြီး ပြောတတ်ကြခြင်းပဲဖြစ်ပါတယ်)၊ လူထုအစုအဝေးနဲ့ တခမ်းတနားကျင်းပတတ်ကြတဲ့ အော်ဟစ်ထောက်ခံပွဲကြီးများ စိတ်ထဲမှာ ဘာကြောင့်ပေါ်လာတယ်ဆိုတာကိုတော့လည်း မတွေးတတ်ပါဘူး၊ ပေါက်ဖော်ကြီးကတော့ ခံရတာများပြီမို့ နောက်များ

မှာဆိုလျှင် တောသားလူလည်ကို သူ့ဆိုင်ရဲ့ရှေ့မှာ လှည်းရပ်နားခွင့်တောင် မပေးတော့ပါဘူးရယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်တဲ့။

ဒါဟာ ပုံပြင်တစ်ပုဒ်သာဖြစ်တာမို့ ပေါက်ဖော်ကြီးက သုံးကြိမ်အထိ အညာခံခဲ့ခြင်းသာ ဖြစ်ပါလိမ့်မယ်၊ တကယ့်ဘဝထဲမှာတော့ တစ်ဦးတစ်ယောက်ကို တစ်ပုံစံထည်းနဲ့ ဘယ်လိုမှ သုံးကြိမ်သုံးခါအထိ လိမ်ညာလို့ရနိုင်မယ်မဟုတ်ပါဘူး၊ လူအများကို ညာဖို့ဆိုတာကတော့ ပို၍သာဝေးပေမပေ့ါ၊ တကယ်လို့ လိမ်ညာလို့ရခဲ့တယ်ဆိုလျှင်တောင် ဒါဟာလိမ်ညာသူအစွမ်းထက် ခံရသူများရဲ့ အလွန်ညံ့ဖျင်းခြင်းကြောင့်သာပဲဖြစ်ပါလိမ့်မယ်လို့လည်း တွေးမိပြန်ပါတယ်။

လက်ပံခေါင်းချဉ်ရည်ကိုသောက်ခဲ့ရသမို့ အတွေးတွေပွားခဲ့ရတာကို တစ်ခုစီစဉ်ပြီးကြည့်မိလိုက်တယ်၊ ဘာတွေများတွေးလို့ ဘာတွေများ ဆင်ခြင်စဉ်းစားနေမိခဲ့သလဲပေ့ါ၊ ပထဦးစွာ အဖွားကိုသတိရမိတာကို သတိထားမိတယ်၊ ၁၉၈၈ မှာ အဖွားဆုံးခဲ့တာဆိုတော့ ခုဆို ၁၇ ကြာခဲ့ပြီ၊ စာရေးသူအပေါ် အဖွားကျေးဇူးတွေများတာကြောင့် မကြာမကြာသတိရမိတတ်တယ်၊ ဒီလိုမကြာခဏသတိရမိတာကြောင့် အဖွားဆုံးသွားတာ ဘာမှမကြာသေးပဲ မနေ့တနေ့ကလိုပဲ စိတ်ထဲမှာ တခါခါထင်မိတယ်၊ တကယ်တော့ ၁၇ နှစ်ဆိုတဲ့ကာလဟာ စဉ်းစားကြည့်ရင် အလွန်ကြာညောင်းလှတဲ့ အချိန်အခါဖြစ်တယ်၊ လူတစ်ဦးချင်းစီကိုပါမက တိုင်းပြည်တပြည် လူမျိုးတစ်မျိုးကိုတောင်မှပဲ အကောင်းဘက်ကိုဖြစ်စေ၊ အဆိုးဘက်ဆီကိုဖြစ်စေ အစစအရာရာပြောင်းပစ်နိုင်လောက်အောင် လုံလောက်တဲ့ အချိန်ဖြစ်တယ်၊ နောက်ပြီး ကိုယ်ချစ်ခင်တဲ့အဖွားမို့ ၁၇ နှစ်တာကာလကို မနေ့တနေ့ကလို့ထင်ပေမယ့် ဒီ ၁၇ နှစ်ကိုပဲ ၁၇ ကမ္ဘာမက ကြာညောင်းလွန်းလှတယ်ရယ်လို့ ခံစားမိရလောက်အောင် မကြာမကြာတွေးမိစေတဲ့ အရာတစ်ခုလည်းပဲ စာရေးသူဘဝမှာ ကြုံနေရတာကိုလည်း နာကျင်စွာ အမှတ်ပြုမိပြန်တယ်။

လက်ပံပွင့်ကြွေ လေယာဉ်ပမာ ဝေ့ဝဲတာကို မြင်လိုလှတဲ့ ရန်ကုန်သူဆွမ်းအမကြီးတစ်ဦးရဲ့ စိတ်ကူးအိပ်မက်ထဲက အလွန်ကြည်နူးစရာလို တေးသီချင်းစာသားထဲမှာ၊ မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်းများထဲမှာ၊ မြန်မာ့အလင်းနဲ့ကြေးမုံသတင်းစာများထဲမှာ ဝမ်းသာအားကျစရာဖော်ပြလေ့ရှိတဲ့ မြန်ပြည်တစ်ခွင်က အောင်မြင်တိုးတက်ခြင်းသတင်းများကိုလည်း သွားသတိရမိပြန်ပါတယ်၊ ပေါက်ဖော်ကြီး ဒါကလက်ပံမဟုတ်ဘူး၊ လံပက်ဆိုတဲ့ ပုံပြင်ကိုသတိရမိတော့လည်း ဆိုင်သလား မဆိုင်သလား မသိ၊ မြန်မာပြည်က မကြာမီ ပြန်လည်ကျင်းပတော့မယ်ဆိုတဲ့ အမျိုးသားညီလာခံကို သတိရမိပြန်ပါတယ်၊ အင်း သူတို့အဆိုအရ အမျိုးသားညီလာခံက ထွက်ပေါ်လာမည့် ဖွဲ့စည်းပုံနဲ့အညီ ရွေးကောက် ပွဲကျင်းပမယ်တဲ့၊ ၁၉၉၀ ကလည်းရွေးကောက်ပွဲတစ်ခု ကျင်းပဖူး မဟုတ်လား၊ ခုတစ်ခါတော့ လက်ပံ မဟုတ်ဘူး လံပက်၊ လံပက် ပေါက်ဖော်ကြီးဆိုတဲ့ တောသားစကားလိုမျိုး ရွေးကောက်ပွဲ မဟုတ်ပဲ ကောက်ရွေး (ကောက်ရိုး) ပွဲပဲ ဖြစ်နေမလား။ ဒီလိုမှမဟုတ်ပဲ ဆက်ရက်အော် ဆက်ရက်အော် ပဲဖြစ်နေမလား၊ အင်းပေ့ါလေ... ပျော်စရာတွေသတိရတဲ့ကြား မောစရာတွေက ပါလာပြန်ရ။

နောက်ပြီး လက်ပံနှင့်ညောင် မိုးခေါင်လုနီး အပင်ကြီးတွေအလွန်ကြီးပေမယ့် အကာပြဲ့ပြဲ အနှစ်မဲ့မဲ့လို့ဆိုသလို အကောင်ကြီးတွေအလွန်ကြီးပြီး အနှစ်မဲ့တဲ့ တချို့သောပုဂ္ဂိုလ်အကြီးကြီးဆိုသူများနဲ့ အနှစ်မပါ အခွံအကာမျှသာ ဖြစ်နေတတ်တဲ့ အဲဒီလိုပုဂ္ဂိုလ်ကြီးများရဲ့ ဝန်ခံကတိစကားများကိုလည်း ပြန်လည်ကြားယောင်လို့နေမိခဲ့ပါတယ်။ ကိုယ်ကိုယ်တိုင် လက်ပံနဲ့တူတဲ့သူတစ်ဦး မဖြစ်ဖို့လိုတယ်ဆိုတာကိုလည်း အမှတ်ပြုမိပါရဲ့။

လက်ပံချဉ်ရည်စားခွင့်ကြုံလို့ သတိရမိ တွေးမိရတာတွေထဲမှာ ကောင်းတာတွေလည်းပါရဲ့၊ ဆိုးတာတွေလည်းရှိရဲ့၊ ဘာပဲဖြစ်ဖြစ် လွမ်းမောတသ လှပလှတဲ့နွေဦးရာသီ အညာမြေနဲ့ ကျေးဇူးရှင်အဖွားကိုသတိရမိဖြစ်ရတာကြောင့် မျက်ရည်မခိုင်သူ ဖြစ်မည်ဆိုလျှင်တော့ မျက်ရည်ဖြိုင်ဖြိုင်ကျမိလေမလားပါ၊ အဖွားကိုသတိရစိတ်ကြောင့် ပူဆွေးသောက မဖြစ်ရပေမယ့်လည်း မျှော်တွေးတမ်းတမိသမို့ လွမ်းရစိတ်တော့ ဖြစ်မိတာ အမှန်ပါပဲ။ ။

မေတ္တာဖြင့်<br>အရှင်ဉာဏိက